# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 20 , 2023 Volume 72, Number 14


၂၀.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၃၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ပြောင်းဆန် ဖိလစ်ပိုင်အများဆုံးဝယ်ယူ



ဖိလစ်ပိုင်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၈ သန်း တန်ဖိုးရှိသည့် မြန်မာ့ပြောင်းဆန်တွေ ဝယ်ယူခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။

ပြောင်းတန်ချိန် ၈၉၀၀ကျော် ပမာဏရှိသည့် ပြောင်းဆန်များကို အောက်တိုဘာ တစ်လတည်းမှာ ဝယ်ယူခဲ့တာလည်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ မြန်မာ့ပြောင်းဆန်အပေါ် အခွန်ကင်းလွတ်ခွင့် ပြန်လည်ရုပ်သိမ်းလိုက်ပြီးနောက် ဘိန်းအစားထိုးသီးနှံအဖြစ် တင်ပို့ခွင့်ရထားသည့် တရုတ်ဈေးကွက်အပြင် ယခုအခါ ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်ဈေးကွက်သို့ပါ တင်ပို့ထားနိုင်ခြင်းလည်းဖြစ်သည်။

အောက်တိုဘာလမှာ တရုတ်ကို ပြောင်းတန်ချိန် ၅၉၂၀ နှင့် ထိုင်းကို ပြောင်းတန်ချိန် ၉၆ တန်တင်ပို့ခဲ့ပြီး ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်သာ ရရှိထားသည်။

တစ်ဖက်မှာလည်း တရုတ်နိုင်ငံ၏ ပြောင်းဈေးပေးနှုန်းနည်းပါးခြင်းနှင့် တင်ပို့မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းကြောင့် ပြောင်းကုန်သည်အချို့က နယ်စပ်မှတင်ပို့မှု ရပ်နားထားခြင်းများလည်းရှိသည်။ မြန်မာ့ပြောင်းကို ဘင်္ဂလားဒေ့ရှ်နဲ့ အာဖရိကဈေးကွက်သို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် စစ်ကိုင်း၊ မန္တလေး၊ ရောဂတီတို့တွင် အများဆုံးစိုက်ပျိုးပြီး ပြောင်းပေါ်ချိန်လည်း မတူညီသဖြင့် မြန်မာနိုင်ငံ၏ ပြောင်းဈေးကွက်မှာ တစ်နှစ်ပတ်လုံး လည်ပတ်လျက်ရှိသည်။

ပြည်ပသို့ ပြောင်းတင်ပို့မှုမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလကုန်အထိ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိဘဲ အခြားနိုင်ငံများသို့သာ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တောင်သူများ အရှုံးသက်သာစျေးစေရန် ဒေသပေါက်စျေးအတိုင်းဝယ်ယူပေးမည်

မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့က လှော်ဝင်တန်းဝင် မြေပဲတောင့်အခြောက် တင်း ၈၀၀၀၀ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိချိန်တွင် တရုတ်နိုင်ငံက ဝယ်လက်မရှိတာကြောင့် ပြည်တွင်းစျေးကွက်တွင် မြေပဲဆန်စျေးနှုန်းမှာ ကျဆင်းနေသဖြင့် တောင်သူများအရှုံးနှင့်ရင်ဆိုင်နေရရာ ကုစားပေးနိုင်ရန်အတွက်ရည်ရွယ်ပြီး တိုင်းတောင်သူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ လှော်ဝင်တန်းမြေပဲတောင့် တင်းပေါင်း ၈၀၀၀၀ ကို နိုဝင်ဘာ ၂၀ ရက်မှစတင်ပြီး ဝယ်ယူပေးသွားမည်ဖြစ်သည်။

အဆိုပါ လှော်ဝင်တန်းဝင် မြေပဲများ စျေးကွက်ကောင်းချိန် ပြန်လည်ရောင်းချရာမှရရှိလာမည့် အကျိုးအမြတ်များထဲမှ ၂၀ ရာခိုင်နှုန်းကို တောင်သူများထံသို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင် တောင်သူများဖြစ်ကြသည့် မကွေး၊ မြို့သစ်၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်ငါးမြို့နယ်မှ တောင်သူများထံမှ ဝယ်ယူသွားမည်ဖြစ်သည်။ "တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင် ၈၀၀၀ ကျော် ထံကနေပြီးတော့ မြေပဲစျေးကွက်ပျက်နေလို့ လက်ရှိဒေသပေါက်စျေးအတိုင်းဝယ်ယူပေးသွားမှာပါ။ မြေပဲဆန်ဝယ်ယူတဲ့နေရာမှာလည်း သိုလှောင်ရန် အဆင်ပြေသည့် မြေပဲတောင့်ကို ပွဲခအလွတ် ဝယ်ယူပေးမှာပါ။ တင်းပေါင်း ၈၀၀၀၀ ပြည့်ရင် ရပ်မှာပါ။ဒေသပေါက်စျေးအတိုင်း ဥပမာ–မြေပဲအခြောက်တစ်တင်း ငွေကျပ် ၂၃၀၀၀ ပေါက်ရင် တောင်သူကို ၂၃၀၀၀ အပြည့် ပေးမှာပါ။ ကုန်သည်တွေလို ပွဲခတစ်တင်း ငွေကျပ် ၈၀၀ မယူပါဘူး"ဟု တိုင်းတောင်သူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မကွေး) အတွင်းရေးမှူး ဦးစိုးလွင်အေးကပြောသည်။

**Source:** မကွေးဂျာနယ်

## တောင်ကိုရီးယားအပါအဝင် ပြည်ပစျေးကွက်သို့ မြန်မာ့ပျားရည်တန်ချိန် ၁၃၀၀ ကျော် ရောင်းချထား



ယခုဘဏ္ဍာနှစ် ၇ လအတွင်း ဂျပန်၊ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံ စတဲ့ ပြည်ပစျေးကွက်တွေဆီ မြန်မာ့ပျားရည် တန်ချိန် ၁၃၁၀ ကျော် တင်ပို့ရောင်းချထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ပြောကြားထားပါတယ်။

ပျားရည်ကို ပြည်တွင်းမှာဆေးဝါးအဖြစ် အသုံးပြုသလို ပြည်ပစျေးကွက်ဆီ တင်ပို့ရောင်းချနိုင်တာကြောင့် နိုင်ငံခြားဝင်ငွေရရှိနေကြောင်း ပျားမွေးမြူဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူကပြောပါတယ်။

မြန်မာ့ပျားရည်ကို ပင်လယ်ရေကြောင်းနဲ့နယ်စပ်ကုန်သွယ်ရေး နှစ်မျိုးစလုံးကနေ တင်ပို့ရောင်းချနေတာဖြစ်ပြီး ပျားရည်တန်ချိန် ၁၃၁၀ ကျော် တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၈ သန်း ရရှိထားပါတယ်။

ပြည်ပစျေးကွက်အတွင်း မြန်မာ့ပျားရည်တစ်တန်ပေါက်စျေးက အမေရိကန်ဒေါ်လာ ၂၅၀၀ ကနေ ၃၀၀၀ အကြားရရှိနေပြီး ပျားရည်ထုတ်လုပ်မှုက နှစ်စဉ်တန်ချိန် ၃၀၀၀ ခန့်အထိရှိပါတယ်။ လက်ရှိမှာ ပျားလုပ်ငန်းဌာနက မြို့နယ် ၃၁ မြို့နယ်မှာ အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခု ဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။

မြန်မာ့ပျားရည်ကို ဂျပန်၊ ထိုင်း၊ ကိုရီးယားနိုင်ငံတွေအပြင် တရုတ်၊ ဆော်ဒီအာရေဗျ၊ အမေရိကန်၊ စင်ကာပူနဲ့ ဥရောပစျေးကွက်တွေဆီ တင်ပို့ရောင်းချလျက်ရှိပါတယ်။

**Source:** BETV Business

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၃-၁၁-၂၀၂၃ မှ ၁၇-၁၁-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်စျေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) စျေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၁၅၀ ၊

ဆိပ်ဖြူလတ်ချော ကျပ် ၂၅၀၀၊ မုံရွာရှယ် ကျပ် ၃၇၀၀ မုံရွာလတ်ကြီး ကျပ် ၃၅၀၀၊ မုံရွာလတ်သန့် ကျပ် ၃၁၀၀၊ မုံရွာလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ နှင့် မုံရွာရှယ် ကျပ် ၁၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၅ စီး( ၇၅၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကားစီးရေ ၁၀၁ စီး (၆၀၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၂၄ စီး (၁၄၄၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၁၀၀ (၉၃၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၈၀၀(၈၄၀၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၃၀၀( ၉၀၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၃-၁၁-၂၀၂၃ မှ ၁၇-၁၁-၂၀၂၃) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၈၅၀၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၀၉၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၉၀၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၄၅၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၄၀၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၁၅၀၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရှောက်(သစ်) AC ကျပ် ၉၀၀၀၊ မြွားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ရှောက်ရှည် အိတ်ပေါင်း ၂၀၀၀ (၃၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၂၇၀၀ (၅၄၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၂၀၀ ( ၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၇၀၀ (၁၄၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား (တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၁၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၆၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၄၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း

ရေစကြိုထန်းလျက်(ချော)ကျပ် ၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၁၀ ဈေးမြင့်တက်ခဲ့ပြီး၊ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင်ပြုလုပ်မည့် World of Coffee Dubai 2024 တွင် ကော်ဖီကဏ္ဍတွင် မိတ်ဖက်များမြှင့်တင်ရန်နှင့် အမျိုးမျိုးသောလုပ်ရှားမှုများ၊ အစီအစဉ်များကို ပြသသွားမည်

ကော်ဖီလုပ်ငန်းကဏ္ဍ၏ အမျှော်လင့်ဆုံးဖြစ်ရပ်များထဲမှတစ်ခုဖြစ်သည့် World of Coffee Dubai 2024 ကို Dubai World Trade Centre ၏ ပူးပေါင်းစီမံမှုနှင့် အတွေ့အကြုံဆိုင်ရာအောဂျင်စီဖြစ်သော DXB Live မှစီစဉ်ပြီး တိုးပွားလာသော ကော်ဖီလုပ်ငန်းကဏ္ဍတွင် ပြပွဲပြသသူများနှင့်ဧည့်သည်များအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် အခွင့်အလမ်းများကို ရှာဖွေရန် ရည်ရွယ်ပြီး ကျယ်ပြန့်သောအထူးလုပ်ရှားမှုများကို ပြသသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ရက်အထိကျင်းပမည့် ပြပွဲ၏အစီအစဉ်များတွင် Roaster Village ၊ Cup Room နှင့် Brew Bar စသည့်အစီအစဉ်များစွာ ပါဝင်ပါသည်။ ထို့ပြင် ပြပွဲတွင် ဆွေးနွေးပွဲများ၊ ရေရှည်တည်တံ့မှုဆိုင်ရာ အထူးပြုအလုပ်ရုံဆွေးနွေးပွဲများ၊ အရင်းအမြစ်များကို အသုံးချခြင်းအတွက် အကောင်းဆုံးအလေ့အကျင့်များနှင့် ရေရှည်တည်တံ့သောပဏာမခြေလှမ်းများကို ဖော်ပြသည့်နယ်ပယ်များတွင် ရေရှည်တည်တံ့သောအလေ့အကျင့်များကို မြှင့်တင်ခြင်း၏အရေးပါမှုကို အာရုံစိုက်နိုင်ရန် ဆွေးနွေးပွဲများ၊ အထူးပြုအလုပ်ရုံဆွေးနွေးပွဲများဖြင့် နိုင်ငံတကာကော်ဖီအသိုက်အဝန်း၏ တာဝန်ယူထုတ်လုပ်မှု ကတိကဝတ်များကို ပြသသွားမည်ဖြစ်ပါသည်။

ပြပွဲတွင် ဒေသတွင်းဈေးကွက်ချဲ့ထွင်လိုသော ထိပ်တန်းအမှတ်တံဆိပ်များနှင့် ကျော်ကြားသော ကော်ဖီအမှတ်တံဆိပ်များ၏ လုပ်ငန်းခွဲများတည်ထောင်ရန် စိတ်ဝင်စားသော ရင်းနှီးမြှုပ်နှံသူများကို စုစည်းပေးမည့် Franchise Village ကဲ့သို့သော ပြပွဲအသစ်များ၏မိတ်ဆက်ပွဲအတွက် စင်မြင့်တစ်ခုလည်းဖြစ်လာမည်ဖြစ်ပြီး အဆိုပါလမ်းကြောင်းသည် တိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများကိုရှာဖွေရန် အဓိကပွဲတစ်ခုအနေဖြင့် ကမ္ဘာ့ကော်ဖီလုပ်ငန်းကဏ္ဍ၏ အနေအထားကို အားဖြည့်ပေးသွားမည်ဖြစ်ပါသည်။

ပြပွဲ၏အင်္ဂါရပ်များနှင့် အစီအစဉ်များအနက်၊ ဝယ်သူများအစီအစဉ်နှင့်ဝယ်သူများသည် ဝယ်သူများနှင့် ကော်ဖီစိုက်ပျိုးသူများ၊ ကော်ဖီကုန်သည်များ၊ ကော်ဖီဖြန့်ဖြူးသူများနှင့် ကော်ဖီထုတ်လုပ်သူများအပြင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်သည့်ကဏ္ဍများမှ အစားအသောက်နှင့်အဖျော်ယမကာ စီမံခန့်ခွဲသူများအကြား တွေ့ဆုံမှုများပြုလုပ်သွားမည်ဖြစ်ကာ ကော်ဖီလုပ်ငန်းကဏ္ဍနယ်ပယ်တွင် သက်ဆိုင်သူများအကြား လုပ်ငန်းအပြန်အလှန်ဆက်သွယ်မှုနှင့်ဆက်သွယ်မှုများကို ပိုမိုအားပေးပြီး အလားအလာရှိသောမိတ်ဖက်များနှင့် ငွေပေးချေမှုလုပ်ငန်းစဉ်များအတွက် စံပြသတ်မှတ်မှုကို ပေးဆောင်မည်ဖြစ်ပါသည်။

ထို့ပြင် လာမည့် ၂၀၂၄ ပြပွဲတွင် ဆွေးနွေးမှုအစီအစဉ်များနှင့် အခမဲ့အလုပ်ရုံဆွေးနွေးပွဲများတွင် နောက်ထပ်ပါဝင်လာမည့်သူများကိုထားရှိရန်အတွက် ကြီးမားသောခန်းမကြီးနှစ်ခုတွင် လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ ခန်းမကြီးတစ်ခုတွင်ပြပွဲကျင်းပသည့် အထူးပြုကော်ဖီအသင်းအဖွဲ့၏ ဆွေးနွေးပွဲများကိုလက်ခံကျင်းပရန်ရည်ရွယ်ထားပြီး နောက်ခန်းမကြီးတစ်ခုတွင် ကမ္ဘာတစ်ဝှမ်းရှိ နောက်ဆုံးပေါ်ခေတ်ရေစီးကြောင်းများ၊ တီထွင်ဆန်းသစ်မှုများနှင့်ကော်ဖီထုတ်ကုန်များကို ဆွေးနွေးရန်အတွက် ကမ္ဘာတစ်ဝှမ်းမှ မြောက်မြားစွာသောကော်ဖီလုပ်ငန်းကျွမ်းကျင်သူများ၊ ကော်ဖီပညာရှင်များတို့နှင့်အတူ မစိစစ်ရသေးသော ကျယ်ပြန့်သည့်ဆွေးနွေးမှုများကို လက်ခံကျင်းပသွားရန် ဖော်ပြထားပါသည်။

**သုံးသပ်တင်ပြချက်**

World of Coffee Dubai ပြပွဲကို Dubai World Trade Centre တွင် ၂၀၂၃ ခုနှစ်ကကျင်းပခဲ့သည်။ ယူအေအီးနိုင်ငံရှိ ကော်ဖီ ဈေးကွက်သည် ၂၀၂၃ ခုနှစ် မှ ၂၀၂၈ ခုနှစ်အတွင်း နှစ်စဉ် ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂ နှင့် ၂၀၂၇ ခုနှစ်ကြားတွင် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများတွင် နှစ်စဉ် ၇ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု မျှော်မှန်းထားသည်။ ယမန်နှစ်ကကျင်းပပြုလုပ်ခဲ့သော အဆိုပါကော်ဖီပြပွဲသည် ကျယ်ပြန့်သောဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများရှိ ကော်ဖီ

လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများနှင့်ပညာရှင်များ၏ စိတ်ဝင်တစားတက်ရောက်မှုကို ရရှိခဲ့ခြင်းကြောင့် ယခုနှစ်တွင် ကော်ဖီလုပ်ငန်းကို နောက်ထပ်ဈေးကွက်သစ် တိုးချဲ့လိုသူများအတွက် အစီအစဉ်များစွာ ထည့်သွင်းထားကြောင်းသိရသည်။ နိုင်ငံတကာကော်ဖီဈေးကွက်ကို ထိုးဖောက်လိုသည့် မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များဈေးကွက် ရရှိစေရေးနှင့် နိုင်ငံတကာကော်ဖီလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်အတွက် အလွန်အလားအလာရှိသောကြောင့် လက်လွတ်မခံဘဲ ပါဝင်တက်ရောက်ပြသသင့်သည့် ပြပွဲတစ်ရပ်ဖြစ်ပါသည်။ ပြသလိုသူများအနေဖြင့် dubai.worldofcoffee.org တွင် ဝင်ရောက်ကြည့်ရှု၍ ချိတ်ဆက်ပြသနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Source: emirates247.com**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)**

## ၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသသို့ ခရီးသွား သန်း ၃၀ ကျော် လာရောက်ရန်ခန့်မှန်း

ဟောင်ကောင်ဒေသအနေဖြင့် ခရစ်စမတ်ရာသီအတွင်း ခရီးသွားလာရောက်မှု ဆွဲဆောင်နိုင်ရန်အတွက် ပွဲများစီစဉ်ကျင်းပသွားမည်ဖြစ်သောကြောင့် ၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသသို့ ခရီးသွားဦးရေ သန်း ၃၀ ကျော်လာရောက်ရန် ခန့်မှန်းကြောင်း ဟောင်ကောင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ပြောကြားခဲ့သည်ဟု South China Morning Post သတင်းဌာနမှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် “More than 30 million visitors to visit Hong Kong this year, Tourism Board says, but figure less than half record 2018 numbers” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ကိုဗစ်-၁၉ ကန့်သတ်ချက်များပယ်ဖျက်ခဲ့သည့် ယခုနှစ် ဇန်နဝါရီလမှစတင်၍ အောက်တိုဘာလအထိ ဟောင်ကောင်ဒေသသို့ လာရောက်သည့် ခရီးသွားစုစုပေါင်း ၂၆ ဒသမ ၇၈ သန်းရှိသောကြောင့် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့အနေဖြင့် ယခုအစောပိုင်းတွင် ခန့်မှန်းထားသည့် ပမာဏဖြစ်သည့် ၂၅ ဒသမ ၈ သန်းမှ ခရီးသွားဦးရေ သန်း ၃၀ ကျော်ရှိနိုင်သည်ဟု နိုဝင်ဘာလ ၁၅ ရက်နေ့တွင် တိုးမြှင့်ခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ထိုပမာဏသည် ခရီးသွားဦးရေ ၆၅ သန်း လာရောက်ခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း လာရောက်မှုပမာဏ၏ ထက်ဝက်ပင်မရှိသေးကြောင်း ရေးသားဖော်ပြထားပါသည်။

ကိုဗစ်အလွန် ပထမဆုံး ခရစ်စမတ်ရာသီအတွက် ကျင်းပသည့်ပွဲတစ်ခုအနေဖြင့် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် Victoria Harbour ကမ်းနစ်ဘက်လုံး၌ WinterFest ပွဲပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး၊ Central ဘက်ခြမ်းတွင် မီးပန်းများပစ်လွှတ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပန်းခြံနှင့်ဈေးဝယ်စင်တာများတွင်လည်း ဈေးဝယ်သူများကို ဆွဲဆောင်နိုင်မည့် အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ဟောင်ကောင်ဒေသသို့ ခရီးသွားဦးရေ ၃ ဒသမ ၄၆ သန်းလာရောက်ခဲ့ရာ ခရီးသွား ၈၀၅၂၄ ဦး လာရောက်ခဲ့သည့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာတိုးတက်လာခြင်းဖြစ်ကြောင်း၊ ထိုသို့တိုးတက်လာခြင်းမှာ အရှေ့တောင်အာရှနိုင်ငံများ ခရီးသွားလာရောက်မှုကြောင့်ဖြစ်ပြီး အဓိကအားဖြင့် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ လာရောက်ခြင်းဖြစ်သည်ဟု ဘုတ်အဖွဲ့မှပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ခရီးသွားလုပ်ငန်းသည် ဟောင်ကောင်ဒေသ၏ စီးပွားရေးအတွက် အဓိကထောက်တိုင် လေးခုအနက်တစ်ခု ဖြစ်သောကြောင့် ခရီးသွားများပိုမိုလာရောက်ပြီး သုံးစွဲမှုတိုးမြှင့်ရန်လိုအပ်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) မှာ ယခင်နှစ်ကထက် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်နိုင်သော်လည်း မူလခန့်မှန်းထားသည့်ပမာဏထက် လျော့နည်းနေသည်ဟု ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဒေသအစိုးရမှပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

# STOCK EXCHANGE (20.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 4,736,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 21 | 184,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,850 | 287 | 831,300 | 38,929,150 | 114,841 |
| MCB | 00003 | 7,400 | -200 | -2.63% | 7,400 | 7,400 | 7,400 | 203 | 1,502,200 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 118 | 188,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 200 | 480,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 450 | 900,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,700 | 4,900 | 4,700 | 105 | 494,300 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 91 | 154,900 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.18 | +0.56 | +0.15% | 366.51 | 368.18 | 365.48 | 1,475 | 4,736,300 | 8 | 694,464 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 4,736,300 (MMK) |

### Main Board

As of 1:00 pm, 20th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 4,736,300 (MMK) |

| MYANPIX | 368.18 ▲ 0.56 |
|---|---|
| Total Volume (shares) | 1,475 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 694,464 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,400 | ▼ 200 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |